မော်ချောင်းကျေးရွာ

ကျုံအီအုပ်စု၊ ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မော်ချောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၂၁ ခုနှစ်

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

ရေပေါက်ကလေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

ရေပေါက်ကလေးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇
(၈) ဦးစားပေးစီမံချက်များနှင့်၄် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၆
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာခနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၅
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇
ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |


မော်ချောင်းကျေးရွာ ရွာအရင်းအမြစ်ပြမြေပုံ ဝလွန်မြို့နယ်
မြောက်
အနောက်
အရှေ့
တောင်
ညွှန်ပြချက်
ဘုန်းကြီးကျောင်း
ကုန်စုံဆိုင်
ရေသန့်ဘူး
ညောင်ပင်
လူနေအိမ်
ရေကာတာ
ရွာလမ်းမ
လမ်းသွယ်
ချောင်းရိုး
ဥယျာဉ်ခင်း
လယ်ကွင်းပြင်
ကိုင်းမြေ
သုသာန်မြေ
ရေးဆွဲသူ
21.1.2021

# မြော်ချောင်းကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု |  | | | | | | | | | | | |
| ၂ | စိုက်ပျိုးရေး |  | | | | | | | | | | | |
| ၃ | မွေးမြူရေး |  | | | | | | | | | | | |
| ၄ | ကျန်းမာရေး | | | | သွေးလွန်တုတ်ကွေး | ဖျားနာ | | | | နှာစေး | ချောင်းဆိုး | | |
| ၅ | ပွဲတော် | သင်္ကြန် | ညောင်ရေသွန်းပွဲ | | | | | ကထိန် | မီးထွန်းပွဲ | | ကာရင်နှစ်သစ်ကူး | ထမင်းပွဲ | |
| ၆ | ဝင်ငွေ /ထွက်ငွေ |  | | | | | | | | | | | |
| ၇ | အလုပ်အကိုင် | နေ့စား | နေ့စား | နေ့စား | မျိုးသုတ် | ကောက်စိုက် | နေ့စား | နေ့စား | ကောက်ရိတ် | နေ့စား | ပဲနုတ် | ပဲနုတ် | နေ့စား |
| ၈ | သောက်သုံးရေရရှိမှု |  | | | | | | | | | | | |

ရက်စွဲ။ ၂၁.၁၀.၂၀၂၁

ရေးဆွဲသူအမည် - ဒေါ်ဝါဝါပိုင်

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ် အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီ အစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြု စီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
မော်ချောင်းကျေးရွာ<br>
ဇလွန်မြို့နယ်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ကျုံ့အီကျေးရွာအုပ်စု၊ မော်ချောင်းကျေးရွာသည် ဧရာဝတီမြစ်ကြောင်းရေကာတာဘေးတွင် တည်ရှိပြီး ဇလွန်- ဓနုဖြူကားလမ်းမကြီးနှင့် (၂)မိုင်(၂)ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။ လမ်း ပန်းဆက်သွယ်ရေးလွယ်ကူသောကျေးရွာလေးဖြစ်ပါသည်။ မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေး ဝမ်းကြောင်းလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်ကြက်၊ဘဲ၊ဝက်၊ငါးမွေးမြူရေးနှင့် ခြံဥယျာဉ်တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းနှင့် ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဆောင်းရာသီကိုင်းထွက်သီးနှံများလည်း တစ်ပိုင် တစ်နိုင်စိုက်ပျိုးသောကျေးရွာလေးဖြစ်ပါသည်။ ဒေသ၏ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)လက်မ အထက်ရှိပြီး ဆောင်ရာသီကိုင်းလုပ်ငန်းကိုသာ အသက်မွေးဝမ်းကြောင်းပြုလုပ်စားသောက်သော ကျေးရွာလေး ဖြစ်ပါသည်။

**၃။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

မော်ချောင်းကျေးရွာသည် မိုးရာသီတွင် မိုးရေကိုအလုံအလောက်ရရှိသော်လည်း မိုးစပါးစိုက်ကေ မရှိပါ။ ဆောင်းသီးနှံဖြစ်သော မတ်ပဲ၊ ဂျုတ်၊ ပြောင်း၊ ခရမ်းချဉ်၊ ပဲမျိုးစုံနှင့် နွေစပါးအနည်းငယ်ကို သာ အဓိကစိုက်ပျိုးပါသည်။ ကျေးရွာတွင် ခြံဥယျာဉ်အနည်းငယ်ရှိပြီး ကွမ်းနှင့်အခြားရာသီပင်ကို သာစိုက်ပျိုးပါသည်။ သဘာဝတွင်းထွက်သယံဇာတများထွက်ရှိမှုမရှိပါ။

**၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

မော်ချောင်းကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုးများနှင့် ဗမာလူမျိုးများရောနှော နေထိုင်ကြပါသည်။ကျေးရွာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၁)ကျောင်း ရှိပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများနှင့် ခရစ်ယာန်ဘာသာကိုးကွယ်သူများရှိသော်လည်း တစ်ဘာသာ နှင့်တစ်ဘာသာ၊ တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ကြပါသည်။

ကျေးရွာရှိအများပြည်သူသွားရာလမ်းမှာ ရေကာတာအောက်ခြေမှ (၂)ပေခွဲအကျယ် ကျောက်ပြား လမ်းရှိသော်လည်း မိုးရာသီတွင် ဆိုင်ကယ်၊ စက်ဘီးများအချင်းချင်းတိုက်မိခြင်း၊ ကျောင်းသားကျောင်းသူများနှင့် ရဟန်းရှင်လူ၊ သက်ကြီးရွယ်အိုများ ဆိုင်ကယ်၊ စက်ဘီးများကို ရှောင်ရှား၍သွားလာ နေရခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများကျောင်းသို့အချိန်မီမရောက် ခြင်း၊ အရေးကြီးလူနာများဆေးရုံ ဆေးခန်းသို့အချိန်မီမရောက်နိုင်ခြင်းများဖြစ်ပေါ်နေပါသည်။ ထို့အတွက်ကြောင့်လမ်းအား နောက်ထပ် (၃)ပေ တိုးချဲ့ပြီး ကွန်ကရစ်ကျောက်ပြားလောင်းပါက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ သာသနာရေး အဖက်ဖက်မှ သွားလာ ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

မော်ချောင်းကျေးရွာသည် ရောဝတီမြစ်လက်တက်ရေလမ်းကြောင်းနှင့် ကျုံရှ-မေရီလန်း ဆက်သွယ်ရေးလမ်းမကြီးအနီးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ဒေသထွက်ကုန်များကို ဇလွန်၊ ဓနုဖြူမြို့ဈေးများသို့ ကိုယ်တိုင်တိုက်ရိုက်ရောင်းချခြင်းများ၊ ရန်ကုန်သို့လည်းသွားရောက်ရောင်းချနိုင်ပါသည်။ ကျေးရွာများသို့ ဒေသထွက်ကုန်များအား ကုန်ရောင်းကုန်ဝယ်စနစ်လည်းရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးမရှိသောအိမ်ထောင်စုများသည် တစ်နယ်တစ်ကျေးသို့သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ တစ်လဝင်ငွေ (၉၀၀၀၀ကျပ်မှ ၁၅၀၀၀၀ကျပ်) ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများသည် တစ်နေ့လုပ်အားခ ကျပ်(၄၀၀၀မှ ၅၀၀၀)အထိ ရရှိကြပါသည်။

ကျုံအီကျေးရွာတွင် ကိုင်းတောင်သူအများဆုံးဖြစ်သောကြောင့် မတ်ပဲ၊ ဂျုတ်၊ ပြောင်း၊ ခရမ်းချဉ်နှင့် အခြားသီးနှံများကိုစိုက်ပျိုး၍ ဆောင်းစပါးကိုလည်း အနည်းငယ် စိုက်ပျိုးပါသည်။ ကွမ်းနှင့် အခြားရာသီပင်များလည်း စိုက်ပျိုးပါသည်။ ဆောင်းစပါးစိုက်ကေအနည်းငယ်သာရှိပြီး၊

တစ်ဧကအထွက်နှုန်းမှာ (၄၅)တင်းမှ (၅၀)တင်းထွက်ရှိပါသည်။ ဆောင်းသီးနှံဖြစ်သောဂရုတ်မှာ တစ်ဧကပျမ်းမျှပိဿ(၉၀၀)နှုန်းနှင့် မတ်ပဲမှာတစ်ဧက(၂၀တင်း/၂၃တင်း)နှုန်းထွက်ရှိပြီး ပြောင်း သီးနှံမှာ တစ်ဧက(၉၀)တင်းနှုန်းခန့်ထွက်ရှိပါသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးနှင့် ကြက်၊ ဘဲ၊ ဝက်များ မွေးမြူခြင်းရှိသော် လည်း အစာဈေးမြင့်မားမှုကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် အကျိုးအမြတ် အနည်းငယ်သာရရှိကြပါသည်။

တစ်ပိုင်တစ်နိုင်ငါးမွေးမြူခြင်း၊ လက်လီဈေးရောင်းခြင်း၊ ခေါင်းရွက်ဗြတ်ထိုးအလုပ်နှင့် ပင်လယ်ငါးဖမ်းလှေများတွင်လည်း လှေလုပ်သားများအဖြစ်လုပ်ကိုင်ခြင်း၊ ပန်းရံ၊ လက်သမား အလုပ်များတွင်လည်း အလုပ်လက်မဲ့များသွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏စီးပွားရေးအဆင့်နှင့် ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် (၄)%သာ ချမ်း သာ အဆင့်တွင်ရှိပြီး (၂၇)%သည် အလယ်အလတ်အဆင့်၊ (၁၈)%သည် ဆင်းရဲအဆင့်၊ (၄၉)% သည် အလွန်ဆင်းရဲအဆင့်တွင်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

ကျုံ့အီကျေးရွာသည် ပညာရေး၊ ကျန်းမာရေးအတွက် အဓိကအားထားရသော ကျုံ့ရှ တိုက်နယ်ဆေးရုံနှင့် အ.ထ.က(ခွဲ)ကျုံ့ရှစာဖြူစုသွားသောလမ်းအနီးတွင်ရှိပြီး ကျေးရွာရွာတွင်း လမ်းမှာ(၅၀၀'x၃'x၄")ကွန်ကရစ်လမ်းဖြင့်၍ လမ်းပေအကျယ် အလွန်ကျဉ်းမြောင်းသောကြောင့် ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသူကျောင်းသားများသွားလာရာတွင် အဆင်ပြေချောမွေ့ခြင်း မရှိပါသဖြင့် ၄င်းလမ်းအား ထပ်မံ၍ အကျယ်(၃ပေ)၊ ထု(၄လက်မဖြင့်) ကွန်ကရစ်ပေချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်လိုနေကြသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသုံးစွဲရာတွင် တစ်ချို့မှာ အဆင်ပြေသော်လည်း တစ်ချို့မှာ ငွေကြေးမတတ်နိုင်သဖြင့် မသုံးစွဲနိုင်သည့်အပြင် ထုံးတစ်ဖက် ကမ်းတွင်ရှိသော အိမ်ထောင်စု ပေါင်း(၇၀)ခန့်မှာ ဘက်ထရီအိုးနှင့် ဖယောင်းတိုင်များကိုသာ ထွန်းနေကြရပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးအတွက် ဖုန်းသုံးစွဲမှုလည်းရှိပါသည်။ ဖုန်းတာ ဝါတိုင်နှင့်နီးသောကြောင့် အင်တာနက်လိုင်းလည်းကောင်းမွန်ပါသည်။ သဘာဝဘေး တစ်စုံတစ်ရာ အတွက်လည်း ကျုံ့ရှတိုက်နယ်တွင် မီးသတ်စခန်းနှင့် အရံမီးသတ်တပ်ဖွဲ့ဝင်များရှိသောကြောင့် အလွယ်တကူဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျုံအီကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား၈ဝ)ဖြင့် ကိုင်းစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ထက်ဝက်ခန့် လောက်သည် UNDP ချေးငွေ(အတိုးနှုန်း၂.၅ကျပ်နှုန်း)တို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင် ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ ရပ်ရေးရွာရေးတွင် အတိုးနှုန်း (၅ကျပ်၊ ၁ဝကျပ်)တို့ဖြင့်လည်း ချေးယူသုံးစွဲကြသည်။

ကျေးရွာမှ ပုဂ္ဂလိကဘဏ်များနှင့်လည်း ဆက်သွယ်ချိတ်ဆက်အသုံးပြုတတ်ကြသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကို ကမ္ဘောဇဘဏ်၊ ရေဝတီဘဏ်တို့မှ ထုတ်ယူသုံးစွဲကြသဖြင့် ဘဏ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

## (င) ပညာရေး

ကျုံအီကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းကို ကျေးရွာရွာအစွန်ပိုင်း အနောက်ဖက် တွင် တည်ဆောက်ထားပါသည်။ ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင် ဖြစ်ပြီး ၂ဝ၁၃ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ အလျားပေ(၉ဝ)။ အနံပေ(၃ဝ)၊ တစ်ထပ်တိုက်တစ်ဆောင်ဖြစ်ပါသည်။ ၂ဝ၁၅-၂ဝ၁၆ပညာသင်နှစ်တွင် မူကြိုကျောင်း ဆောင်ကို ရန်ကုန်မှအလှူရှင်များမှ လာရောက်လှူဒါန်းခဲ့ပါသည်။ မူကြိုကျောင်းဆောင်အကျယ် အဝန်းမှာ အလျား(၄၅)ပေ၊ အနံ(၂၉)ပေဖြစ်ပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်း(၃)ခန်းတွဲ (၁)လုံး၊ တိုက်ခန်း(၂)ခန်းတွဲ(၁)လုံးရှိသောကြောင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူ များအတွက် သုံးစွဲရန် လုံလောက်ပါသည်။ကျောင်းတွင် ဆရာ၊ ဆရာမ(၁ဝ)ဦးရှိပြီး အစိုးရခန့်ဆရာ များမှာ ဆရာ(၁)ဦး၊ ဆရာမ(၄)ဦး၊ ကျေးရွာခန့်မူကြိုဆရာမ(၃)ဦးနှင့် တိုင်းရင်းသားစာပေဆရာမ (၂)ဦးတို့ဖြစ်ပြီး ဆရာနှင့်တပည့်အချိုးညီစွာသင်ကြားနေပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ အနည်းအကျဉ်းသာရှိပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းကျောင်းတွင် ကျား(၄၃)ဦး၊ မ(၃၆) ဦး၊ စုစုပေါင်း(၇၉)ဦးနှင့် မူကြိုကျောင်းသား(၈)ဦး၊ ကျောင်းသူ(၁၄)ဦး၊ စုစုပေါင်း(၂၂)ဦးတို့ ပညာ သင်ကြားနေပါသည်။ အလယ်တန်းပညာရေးတွင် ကျား(၄၂)ဦး၊ မ(၄၆)ဦး၊ စုစုပေါင်း(၈၈)ဦး၊ အထက်တန်းပညာရေးတွင် ကျား(၁၄)ဦး၊ မ(၁၄)ဦး၊ စုစုပေါင်း(၂၈)ဦးနှင့် တက္ကသိုလ်ပညာရေးတွင် ကျား(၁ဝ)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၁၈)ဦးတို့ဖြစ်ပါသည်။ ကျေးရွာတွင် ဘွဲ့ရဦးရေ(၁၅)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံကျောင်းဆရာ(၁)ဦးနှင့် ဆရာမ(၈)ဦးတို့ရှိပြီး အခြားဒေသတွင်သွားရောက် တာဝန်ထမ်းဆောင်နေကြပါသည်။

ကျေးရွာတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မိဘဆရာအသင်းရှိပြီး ကျေးရွာရပ်မိရပ်ဖ များမှလည်း ကျေးရွာသူကျေးရွာသားများနှင့်ပူးပေါင်း၍ ကျောင်းလိုအပ်ချက်များကိုဆောင်ရွက်ကြ ပါသည်။ သို့သော် စာသင်ကျောင်းတည်နေရာအနည်းငယ်နိမ့်နေပါသောကြောင့် မိုးတွင်းကာလတွင် ကျောင်းဝန်းအတွင်းသို့ အင်းရေများဝင်ရောက်မှုရှိပါသည်။

## (စ)ကျန်းမာရေး

မော်ချောင်းကျေးရွာတွင် သက်ကြီးရွယ်အိုများအား ရွာမှစောင့်ရှောက်မှုအနေဖြင့် ကရင်နှစ်သစ် ကူး၊ သက်ကြီးပူဇော်ပွဲနှင့် အတာသင်္ကြန်နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲတွင်များသာ ကန်တော့ခံ ကျန်းမာရေးစောင့်ရှောက်မှုရရှိပါသည်။

ကျေးရွာတွင် လိုင်စင်ရအရက်ဖြူဆိုင်တစ်ဆိုင်ရှိသော်လည်း လူကြီး၊ လူငယ်အများစုမှာ အရက်သေစာသောက်စားမှုနည်းပါးသောကြောင့် မူးယစ်ရမ်းကားမှုနည်းသောရွာလေးဖြစ်ပါသည်။

ကျေးရွာသို့ ကျန်းမာရေးဝန်ထမ်းများမှ အဆုပ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသား ရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို လာရောက်ထိုးပေးပါသည်။ မိုးတွင်းကာလတွင်လည်း ပိုးလောက်လမ်းပေါက်ဖွားမှုကာကွယ်ဆေး များကိုလည်းလာရောက်ပေးဝေကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပေ(၁၀၀၀)ခန့် ဝေးသော ကျုံရှုတိုက်နယ်ဆေးရုံကြီးသို့ ရေလမ်းအားဖြင့် စက်တပ်လှေ၊ လက်လှော်လှေ၊ ကုန်းလမ်း အားဖြင့် ပုခက်၊ အထမ်း၊ ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် သွားရောက်ကုသကြပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုနီးသောနေရာဖြစ်ခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ သွေးလွန်တုပ်ကွေး၊ ရာသီအလိုက်ဖြစ်တတ်သောရောဂါများကိုသာ တစ်ခါတစ်ရံ အနည်းအကျဉ်းဖြစ်တတ်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်နှိပ်တုံကင်တွင်းများရှိသော်လည်း တွင်းရေမှာ သောက်သုံး ချက်ပြုတ်စားသောက်ရန် ရေဝါများဖြစ်သဖြင့် လျှော်ဖွတ်ဆေးကြောရန်သာ သင့်ပါသည်။ တစ်ချို့မှာ တစ်ပိုင်တစ်နိုင်ငါးမွေးမြူထားသောကန်များရှိသဖြင့် မိုးတွင်းအခါ ငါးကန်မှရေများကို သုံးစွဲကြ ရပါသည်။ သန့်ရှင်းသောသောက်သုံးရေမရှိသည့်အတွက် ရေသန့်စင်စက်ရေတွင်းများ ကျေးရွာတွင် လိုအပ်နေပါသည်။

ကျေးရွာတစ်ရွာလုံး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ယင်ကြောင့် ကူးစက်ရော ဂါများဖြစ်ပွားမှုမရှိပါ။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများစနစ်တကျဆောက်လုပ်ကာ သုံးစွဲကြသဖြင့် ကျောင်းသားကျောင်းသူများလည်း ကျန်းမာကြပါသည်။

## (ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မော်ချောင်းကျေးရွာတွင်သီးနှံများပေါ်ရာ၌ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်း လာနိုင်ပါသည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များကြပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများ ကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများလာပါသည်။ ထို့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်အသိပညာပေးအစီ အစဉ်များဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာမှာ ရေမြေ ဒေသတူညီမှုမရှိခြင်းကြောင့် မိုးတွင်းရောဝတီမြစ်ရေကြီးချိန်တွင် ထုံးတစ်ဖက်ချမ်းတွင်နေထိုင် သော ကျုံအီကျေးရွာ၏အိမ်ခြေ(၇၀)ခန့်မှာ နှစ်စဉ်ရေကြီးခြင်းအန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။

**(ဓ)ကျား - မ ရေးရာ**

မော်ချောင်းကျေးရွာတွင် ကျားနှင့်မအကြား ဆက်ဆံရေး အဆင်ပြေပါသည်။ အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရှိပါ။ ကျေးရွာအတွင်းအမျိုးသား လုပ်အားခနှုန်းထား(၅၀၀၀ကျပ်)နှင့် အမျိုးသမီးလုပ်အားခနှုန်းထား (၄၀၀၀ကျပ်)ဖြစ်ပါသည်။ လုပ်အားခကွာခြားချက်မှာ အမျိုးသမီး၊ အမျိုးသားလုပ်အားခစိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားခြင်း ရှိပါသည်။ ပညာသင်ကြားရေးတွင်လည်း အမျိုးသား၊ အမျိုးသမီး ကွာခြားမှု မရှိလှပေ။ ကျေးရွာ တွင်းရှိ သာရေး၊ နာရေး၊ အလှူ မင်္ဂလာပွဲများတွင်လည်း ကျား/မ ညီညီညွတ်ညွတ်ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါသည်။

## (ဈ) ကျားမဆိုင်ရာဆက်နွယ်မှု

မော်ချောင်းကျေးရွာတွင် ကျား၊ မ ရေးရာအခန်းကဏ္ဍပါဝင်မှုနှင့်ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်သော် လည်းအခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးသေးကြောင်း၊ ကျေးရွာစီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ ခေါင်းဆောင်မှုအခြေအနေ မျိုးမရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်းကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့မဟုတ်) တိုင်ကြားမှုများမရှိကြောင်း၊ အမျိုးသမီးရေးရာအကြမ်း ဖက်မှုများ အတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာအတွက် ကျေးရွာသူ/ သားများထိုက်သင့် သလောက်အသိ မြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

မော်ချောင်းကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် အမျိုးသားများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ(၄၀၀၀/-)ကျပ်၊ အမျိုးသမီးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ(၃၀၀၀/-) ကျပ်ဖြစ်ပါသည်။ ပန်းရံ၊ လက်သမားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၇၀၀၀/-)ကျပ်နှင့် အနည်းဆုံးမှာ (၆၀၀၀/-)ကျပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

# ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူကြီး၊ လူငယ်၊ ကျား၊ မ များဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ရွာ၏လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးများကိုဆောင်ရွက်ရန် သီးသန့်ဖွဲ့စည်းထားသော အလင်းရောင်ပရဟိတ အသင်းကြောင့် အလေ့အကျင့်ကောင်းများကို ရရှိပါသည်။ ကျေးရွာသူရွာသားများသည် ကရင်လူမျိုး များအများဆုံးဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသောကြောင့် ဘုန်းကြီးကျောင်း၊ ဓမာရုံနှင့်စေတီ တစ်ဆူရှိပါသည်။

မော်ချောင်းကျေးရွာတွင် ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများမှာ အဖွဲ့ဝင်(၅)ဦးတို့နှင့် ဖွဲ့စည်းထားသော မီးသတ်အဖွဲ့၊ အဖွဲ့ဝင်(၄)ဦးတို့ဖြင့် ဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့၊ ကလေးနှင့်မိခင် အမျိုးသမီး(၂၅)ဦးဖြင့် ဖွဲ့စည်းထားသော ဟယ်လင်ကဲလားအမျိုးသမီးအဖွဲ့တို့ရှိကြောင်း၊ အဖွဲ့အစည်းတို့၏ စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

မော်ချောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော သမဝါယမငွေစုငွေချေးအဖွဲ့၊ သီးခြား ပြည်တွင်း/ ပြည်ပ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

မော်ချောင်းကျေးရွာတွင် မိုးစပါး၊ မတ်ပဲနှင့် ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးစပါး(၁)ဧက ပျှမ်းမျှအထွက်နှုန်း (၆၅)တင်း၊ မတ်ပဲ(၁)ဧကပျှမ်းမျှအထွက်နှုန်း(၁၂)တင်းနှင့် ပြောင်း (၁)ဧက အထွက်နှုန်း(၇၅)ရာခိုင်နှုန်းဖြစ်ကြောင်း သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ်ရရှိမှုများမှာလည်း အသင့်အတင့်သာဖြစ်ကြောင်း၊စပါးကိုအဓိကထားစိုက်ပျိုးသည့်ဒေသဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

ထုံးတလုတ်ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်၊ကိုင်းကို အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်ယာမြေကိုကောင်းစွာ အသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာ၊ အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားများရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေများ ရရှိနိုင်ခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထုံတလုတ်ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲများမှာ စိုက်ပျိုးရေးသုံးအရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး ထုတ်ချေးချိန် နောက်ကျခြင်းတို့ကြောင့်စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်းကျဆင်းနေသည့်အခါ အများစုသည် မိမိတို့စပါးထုတ်ရောင်းရသဖြင့် အကျိုးအမြတ်များစွာ ဆုံးရှုံးရခြင်း၊ အထွက်နှုန်းကောင်းသော၊ ရာသီမရွေး စိုက်ပျိုးနိုင်ကာဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်မရှိသောကြောင့် သီးနှံအထွက်နှုန်းအလယ်အလတ်သာရှိခြင်းတို့ ဖြစ်ကြပါသည်။

မော်ချောင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတွင် နွားမွေးမြူသောအိမ်ထောင်စု(၅)အိမ် အကောင်ရေ(၂၀)ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု(၃)အိမ် အကောင်ရေ(၅) ကောင် ဆိတ်မွေးမြူသောအိမ်ထောင်စု(၆)အိမ်၊ အကောင်ရေ(၄၀)ကောင် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မှော်ချောင်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သော အိမ်ထောင်စုများမှာ စီးပွား ဖြစ်မွေးမြူကြခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ထိုးတလုတ်ကျေးရွာ တွင် ကြက်၊ မြင်း၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်း မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

မှော်ချောင်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများမှာ ရာသီအလိုက် လယ်၊ကိုင်းကျွန်း လုပ်ငန်းတို့တွင် ကျပန်းအလုပ်များ လုပ်ကိုင်ခြင်းဖြင့် အဓိကအသက်မွေးကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ(၃)ဦး၊ ရာသီအလိုက် ကျပန်းအလုပ်လုပ်ကိုင်သူ(၆၂)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မှော်ချောင်းကျေးရွာသည် ဇလွန်မြို့၏ အရှေ့လက်ရောဝတီမြစ်ကမ်းတစ်ဖက်တွင် တည်ရှိ သော်လည်း ကျေးရွာနှင့် ဇလွန်မြို့သို့ တိုက်ရိုက်ဆိုင်ကယ်များစက်ဘီးများဖြင့် အချိန်မရွေးပြေးဆွဲနေ သောကြောင့် ကျေးရွာ၏ ဒေသထွက်ကုန်များအား ရောင်းချရန် ဈေးကွက်ကောင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မှော်ချောင်းကျေးရွာသည် ရောဝတီမြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်ပြီး ဇလွန်မြို့နှင့် (၈)မိုင် ကွာဝေးခြင်းကြောင့် လျှပ်စစ်မီးမရသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန် သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

**မှော်ချောင်း**ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှုစနစ်၌ လယ်၊ ကိုင်းနှင့်ခြံကိုသာအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်း တို့မှ ထွက်ရှိသောအမှိုက်များအား မြေဩဇာအဖြစ် ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ် ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုး မရှိကြောင်း၊စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ယခုနှစ် အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုး ရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာ

ကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကို သာအသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုး ကောင်းမျိုးသန့်များရရှိရေး လိုအပ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ငွေတိုးချေး သူများထံမှ (အတိုးနှုန်း ၅ ကျပ်နှုန်း)ဖြင့် ချေးယူသူများရှိပါသည်။

ကျေးရွာသူ/ကျေးရွာသား အများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ရာ အကြွေးတင်ရှိမှုနည်းပါး ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မှော်ချောင်းကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူ အိမ်ထောင်စု(၃)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၅၅)အိမ်ရှိကြောင်း၊ အိမ်နီးချင်းအိမ်ထောင်စုများနှင့် ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု(၁၉)အိမ်ရှိကြောင်း၊ တုံကင်တို့မှ နွေ၊ မိုး၊ ဆောင်းရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိ ကြောင်းလေ့လာတွေ့ရှိ ရပါသည်။

မှော်ချောင်းကျေးရွာတွင် ကျေးရွာတစ်ရွာလုံး သန့်ရှင်းသော ရေလုံအိမ်သာအသုံးပြုသူ အိမ်ထောင်စု (၆၇)အိမ်(၈၇%)ရှိကြောင်း၊ ကျေးရွာရှိအိမ်ထောင်စု (၁၀)အိမ်မှာ ကိုယ်ပိုင်အိမ်သာ မဆောက်လုပ်ဘဲ ဆွေမျိုးသားချင်းများနှင့်အတူတူ မျှသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

**မှော်ချောင်း**ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင်နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထုံးတလုတ်ကျေးရွာရှိ လူငယ်လူရွယ်များသည် အားကစားပါဝင် လုပ်ဆောင်မှုအားနည်းကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာ ပါဝင် လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေး သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

မော်ချောင်းကျေးရွာအတွင်းရှိ ရွာလယ်လမ်းများမှာ နှစ်ကြာမြင့်ပြီဖြစ်၍ ပျက်စီးနေကြောင်း၊ အခြားမြို့ရွာများသို့ ရေကာတာပေါ်မှ သွားလာ၍ရသော်လည်း မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာသူရွာသားများမှာ ရာသီမရွေးသွားလာအသုံးပြုနိုင်ရန် ကျေးရွာလမ်းများအား အဆင့်မြင့်တင် ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

မော်ချောင်းကျေးရွာတွင် မြစ်ကူးတံတား၊ ချောင်းကူးတံတား၊ ကျေးရွာတံတားများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

မော်ချောင်းကျေးရွာတွင် လက်ရှိတွင်ဆိုလာအသုံးပြုသော အိမ်ထောင်စု(၃၆)အိမ်၊ (၄၆.၇%)၊ ဘက်ထရီအသုံးပြုသူ(၄၁)အိမ် (၅၃.၂%)ရှိကြောင်း လျှပ်စစ်မီးရရှိလိုကြောင်းဇလွန်မြို့နှင့် ဓါတ်အား လိုင်းရရှိရေးအဆင်ပြေနိုင်သော်လည်း ဆိုလာမီးလင်းရေးစနစ်ဖြင့် ကျေးရွာမီးလင်းရေးကို အကောင် အထည်ဖော်ဆောင်ရွက်လိုကြောင်း၊ ကျေးရွာမှငွေကြေး မတတ်နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက် ပေးပါက ကျေးရွာမှလည်းတတ်အားသရွေ့ လူအင်အား၊ ငွေအင်အားတို့ထည့်ဝင်၍ အကောင် အထည်ဖော် ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

မော်ချောင်းကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ် ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

မော်ချောင်းကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်များ ရရှိရေးအတွက် ဖုန်း(၅၈)လုံး၊ ရေဒီယို(၃၅)လုံး၊ တီဗွီ(၂၈)လုံး၊ ဂြိုလ်တုစလောင်း (၂၇)လုံးဖြင့် အသုံးပြုမှုရှိကြောင်း၊ MPT, Telenor, Ooredoo ကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ MPT ဖုန်းတာဝါတိုင်ရှိသောကြောင့် သတင်းဆက်သွယ်ရေးစနစ်ကောင်းမွန်ပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူအကြောင်းကြားကာ အကူအညီ ရယူနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ် မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

မော်ချောင်းကျေးရွာသည် မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်းကျောက်များ အလွယ်တကူ ရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မိုးရာသီတွင်

ရေကြောင်းခရီးဖြင့် အခြားမြို့များသို့သွားလာနိုင်ခြင်း၊ နွေရာသီတွင် ကုန်းလမ်းဖြင့်အခြားမြို့ရွာများသို့သွားလာဆက်သွယ်နိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်းများတွင်နွေရာသီ၌ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်း၊ ဇလွန်မြို့နှင့်အလှမ်းကွာဝေးသော်လည်း လမ်းပန်းဆက်အဆင်ပြေသဖြင့် အလွယ်တကူသွားရောက် အလုပ်လုပ်နိုင်ခြင်းစသည့် အခြေအနေကောင်းများရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း သီးထပ်စိုက်ပျိုးပြီး အထွက်တိုးရန်အတွက် အင်းအိုင်များကိုသုံး၍ရေတင်ခြင်း၊ ချောင်းနှင့်နီးသောနေရာများတွင် ချောင်းရေဖြင့်တင်ခြင်း၊ တွင်းတူး၍ရေတင်နိုင်ကြခြင်း၊ မြေဆီမြေနှစ်ကောင်းမွန်ခြင်း၊ စက်ကိရိယာများငှားရမ်း အသုံးပြုနိုင်ကြခြင်း၊ ဈေးကွက်လက်လှမ်းမီခြင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးနိုင်ခြင်းစသည့် အခြေအနေကောင်းများရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ်လည်း အနည်းငယ်ရှိခြင်း၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ အပ်ချုပ်ဆိုင်ဖွင့်လှစ်ခြင်း၊ လက်တွန်းထွန်စက်များမောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များမောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သောအတတ်ပညာရှိခြင်း၊ ယိုစုံစားသောက်ကုန် ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးရွာနှင့် (၅)မိုင်ခန့်အကွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် ကျေးရွာနှင့်(၈)မိုင်ခန့်အကွာတွင်ဇလွန်ပြည်သူ့ဆေးရုံကြီးခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း အစီအစဉ်များရှိခြင်း၊ မြို့နယ်ဆေးရုံများသို့ လက်လှမ်းမီခြင်းစသည့် အခြေအနေကောင်းများရှိပါသည်။

ကျေးရွာ၏အဆောက်အဦပိုင်းနှင့်ပတ်သက်၍ ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ကျေးရွာအနီးနားရှိ အထက်တန်းကျောင်းခွဲတွင် သွားရောက်သင်ကြားရခြင်းများရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဓမ္မာရုံရှိခြင်း၊ ဘုရားစေတီရှိခြင်း စသည့်အခြေအနေကောင်းများရှိပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

မော်ချောင်းကျေးရွာသည် အနီးအနားပတ်ဝန်းကျင်ထက် စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဇလွန်မြို့နှင့် အလှမ်းကွာဝေးသောဒေသတွင်တည်ရှိခြင်း၊ မိုးရာသီများတွင် ရေကြီးတတ်ခြင်း၊ စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုယုံကြည်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများတွင် စွန့်ဦးတီထွင်မှုမရှိခြင်း၊ မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ကျေးရွာသို့နယ်လှည့် -

ဆောင်ရွက်မှုမရှိခြင်း၊ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှုခက်ခဲခြင်း၊ လျှပ်စစ်မီး သွယ်တန်းရန်မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း၊ ကျေးရွာကုန်ထုတ် လုပ်မှုများအတွက် ဈေးကွက်အတက်အကျကြောင့် သင့်တင့်သော ဈေးနှုန်းမရရှိခြင်းစသည့် အဟန့်အတားများရှိပါသည်။ ထုံးတလုတ်ကျေးရွာတွင် ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု သဘာဝဘေးအန္တရာယ်များ ရှိခြင်းစသည့် အဟန့်အတားများရှိပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအတွင်းရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ ဆိုလာမီးလင်းရေး လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးချေးငွေ ရရှိရေး ဆောင်ရွက်နိုင်ရမည်။

(က.၄) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာတွင်း သွားလာရေးအဆင်ပြေစေရန် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

(က.၅) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာသူ/သားများ သန့်ရှင်းသောသောက်သုံးရေးရရှိရေးအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများ ပျက်စီးယိုယွင်း နေသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ သွားလာရေး အခက်အခဲများရှိသဖြင့် ရာသီမရွေး ဆက် သွယ်သွားလာ အသုံးပြုနိုင်သော ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ရန်အတွက် သက်ဆိုင်ရာ ဌာနများအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင် အခွင့် အလမ်းတိုးတက်စေရန် ဆိုလာမီးလင်းရေးရရှိရေး သက်ဆိုင်ရာဌာနများထံတင်ပြ၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၃) ကျေးရွာတွင် ကျေးရွာသူ/သားများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးချေးငွေရရှိရေး ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင်းတွင် သွားရေးလာရေးအဆင်ပြေစေရန်အတွက် ကွန်ကရစ်လမ်းဆောင်ရွက်နိုင်ရေးသက်ဆိုင်ရာဌာနများအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ခ.၅) ကျေးရွာတွင် ကျေးရွာသူ/သားများ သန့်ရှင်းသောသောက်သုံးရေရရှိရေး သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ကျေးရွာတွင် ရွာတွင်းလမ်းများ ရာသီမရွေးဆက်သွယ်သွားလာ အသုံးပြုနိုင်စေရေး ကျေးရွာသူကျေးရွာသားများ အထူးလိုအပ်နေပါသည်။ ကျေးရွာလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာလျှင် လူနေမှုဘဝတိုးတက်မြင့်မား လာမည်ဖြစ်ပါသည်။ ကျေးရွာတစ်ရွာလုံးမှလည်း လိုလိုလားလားနှင့်လုပ်အား၊ ငွေအားပါဝင်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသည်စီးပွားရေးအနေ

အထား၊ ငွေအားချို့တဲ့သောကျေးရွာဖြစ်သဖြင့် လမ်းအဆင့်မြှင့်တင်ရေးအား ကိုယ်ထူကိုယ်ထ စနစ်ဖြင့် မဆောင်ရွက် နိုင်သောကြောင့် နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် ကျေးလက်ဦးစီး ဌာနမှ ချိတ်ဆက်ဆောင်ရွက် ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

**(ဂ) ကျေးရွာမှ ဆိုလာမီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာမှာ စီးပွားရေးအဆင့်အတန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊ ဆိုလာမီးလင်းရေးရရှိရေးအတွက် ကျေးရွာမှ စိတ်အားထက်သန်နေသောကြောင့် နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

**(ဃ) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးချေးငွေရရှိရေးဆောင်ရွက်ခြင်း**

မှော်ချောင်းကျေးရွာမှ ကျေးရွာသူရွာသားများ စားဝတ်နေရေးဖူလုံစွာရရှိရန် ကျေးရွာဖွံ့ဖြိုးရေးချေးငွေရရှိရေး သက်ဆိုင်ရာဦးစီးဌာနများ နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

**(င) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း**

ကျေးရွာတွင်းတွင်း ယခင်ထက်ပို၍ ဆက်သွယ်ရေးပိုမိုကောင်းမွန်လာစေရန်၊ သွားလာရလွယ်ကူစေရန် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

**(စ) ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်စက်ရေတွင်းများတူးဖော်ဆောင်ရွက်ခြင်း**

ထုံးတလုတ်ကျေးရွာမှာ မြစ်နှင့်နီးသော်လည်း သောက်သုံးရေများမှာ အာဆင်းနစ်ဓါတ်ပါဝင်သောကြောင့် ရွာသူ/ ရွာသားများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်စေရန် ကျန်းမာ သန့်ရှင်းသော စက်ရေတွင်းများ တူးဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်

အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း

(၂) လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း

(၃) ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း

(၄) ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း | ၁ | ✔ | | | | |
| ၂။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း | ၃ | | | ✔ | | |
| ၄။ | ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း | ၄ | | | | ✔ | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည်တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၂ | လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၃ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | | | ✔ | | |
| ၄ | ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း | | | ✔ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုး

တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေ ခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည် အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင် ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

